စာမျက်နှာ 1

# COVID-19 ကိုရိုနာဗိုင်းရပ်စ်နှင့်ပတ်သက်သော မကြာခဏမေးလေ့ရှိသည့် မေးခွန်းများနှင့် အဖြေများ

**Erie ကောင်တီ ကျန်းမာရေးဦးစီးဌာန (ECDOH)**
**COVID-19 ကိုရိုနာဗိုင်းရပ်စ်နှင့်ပတ်သက်သော မကြာခဏမေးလေ့ရှိသည့် မေးခွန်းများနှင့် အဖြေများ (FAQs)**

**03/12/2020 တွင် ပြုပြင်မွမ်းမံထားသည်**

**1. COVID-19 ဆိုတာ ဘာပါလဲ။**

ကိုရိုနာဗိုင်းရပ်စ် ရောဂါ 2019 (COVID-19) ဆိုသည်မှာ လူတစ်ဦးမှ တစ်ဦးသို့ ကူးစက်ပျံ့နှံ့နိုင်သည့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါတစ်ခုဖြစ်သည်။ COVID-19 ကိုဖြစ်ပွားစေသည့် ဗိုင်းရပ်စ်မှာ တရုတ်နိုင်ငံ ဝူဟန်မြို့တွင် ရုတ်တရက်စတင်ဖြစ်ပွားမှုတစ်ခုကို စုံစမ်းစစ်ဆေးမှုအတွင်း ပထမဆုံး ဖော်ထုတ်ခဲ့သည့် ဆန်းသစ်သော ကိုရိုနာဗိုင်းရပ်စ်တစ်မျိုးဖြစ်သည်။ **နောက်ဆုံးအခြေအနေ သတင်းအချက်အလက်များအတွက်၊ CDC COVID-19 ဝဘ်ဆိုဒ် သို့သွားပါ။**

**2. COVID-19 သည်မည်သို့ ကူးစက်ပျံ့ပွားသနည်း။**

ဗိုင်းရပ်စ်သည် အဓိကအားဖြင့် (6 ပေခန့်အတွင်း) အနီးကပ်ထိတွေ့မှုရှိသူများ အကြား ရောဂါပိုးရှိသူတစ်ဦး ချောင်းဆိုး သို့မဟုတ် နှာချေသည့်အခါ စင်ထွက်လာသည့် အသက်ရှူလမ်းကြောင်းတွင်းမှ အစက်များမှတဆင့် ကူးစက်ပျံ့ပွားသည်ဟု ယူဆရသည်။ လူတစ်ဦးသည် ဗိုင်းရပ်စ်ရှိနေသည့် မျက်နှာပြင် သို့မဟုတ် အရာဝတ္ထုတစ်ခုကို ထိတွေ့ခြင်း၊ ထို့နောက် ၎င်းတို့၏ ပါးစပ်၊ နှာခေါင်း၊ သို့မဟုတ် မျက်လုံးများကို ထိတွေ့ခြင်းအားဖြင့်လည်း COVID-19 ကို ကူးစက်ခံရခြင်းဖြစ်နိုင်သည်။

**3. COVID-19 ၏ ရောဂါလက္ခဏာများမှာ အဘယ်နည်း။**

COVID-19 ရှိသူ လူနာများတွင် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါ အပျော့စားမှ အပြင်းစားအထိ အောက်ပါ ရောဂါလက္ခဏာများရှိကြသည်

- အဖျားတက်ခြင်း
- ချောင်းဆိုးခြင်း
- အသက်ရှူကျပ်ခြင်း

**4. ဤ ဗိုင်းရပ်စ်မှ ပြင်းထန်သော နောက်ဆက်တွဲဆိုးကျိုးများမှာ အဘယ်နည်း။**

အချို့သော လူနာများတွင် အဆုတ်နှစ်ခုစလုံး၌ အဆုတ်ရောင်ခြင်း၊ ခန္ဓာကိုယ်တွင်းအင်္ဂါ အများအပြား လုပ်ဆောင်မှု ပျက်ကွက်ခြင်းနှင့် အချို့အခြေအနေများတွင် သေဆုံးမှုရှိသည်။

**5. ကာကွယ်ဆေး သို့မဟုတ် ကုသမှု တစ်ခုရှိပါသလား။**

ဤရောဂါအတွက် လက်ရှိအချိန်၌ ကာကွယ်ဆေး မရှိသေးဘဲ၊ တိကျသော ကုသမှုလည်း မရှိသေးပါ။ COVID-19 ကူးစက်ခံရသူများသည် ရောဂါလက္ခဏာများ သက်သာရာရအောင် ကူညီရန် ဆေးဘက်ဆိုင်ရာ ပြုစုစောင့်ရှောက်မှု ရယူနိုင်သည်။

**6. မိမိကိုယ်ကို မည်သို့ ကာကွယ်ရမည်နည်း။**

COVID-19 ကူးစက်မှုကို တားဆီးကာကွယ်ရန် လက်ရှိအချိန်၌ ကာကွယ်ဆေးမရှိသေးပါ။ ကူးစက်မှုကို တားဆီးကာကွယ်ရန် အကောင်းဆုံးနည်းလမ်းမှာ ဤ ဗိုင်းရပ်စ်သို့ ထိတွေ့မှုကို ရှောင်ရှားရန်ဖြစ်သည်။ သို့ရာတွင် အသက်ရှူလမ်းကြောင်းတွင်း ဗိုင်းရပ်စ်များ ကူးစက်ပျံ့နှံ့မှုကို တားဆီးကာကွယ်ရာတွင် ကူညီပေးရန် အဆိုပါ နေ့စဉ် လုပ်ဆောင်မှုများကို သင်လိုက်နာသင့်ပါသည်။

- သင်၏လက်များကို ဆပ်ပြာနှင့်ရေတို့ဖြင့် စက္ကန့် 20 ခန့် မကြာခဏ ဆေးကြောပါ။ အကယ်၍ ဆပ်ပြာနှင့်ရေတို့ကို မရနိုင်ပါက၊ အရက်ပြန်ပါသည့် လက်သန့်စင်ဆေးကို အသုံးပြုပါ။
    - ဤအလွန်ကောင်းသည် ဗီဒီယိုကိုကြည့် ၍ အဆိုပါ သင်ထောက်ကူပစ္စည်းကောင်းများကို မျှဝေပါ။
- သင်၏ မျက်လုံးများ၊ နှာခေါင်းနှင့် ပါးစပ်တို့ကို မသန့်ရှင်းသောလက်များဖြင့် ထိတွေ့ခြင်းမှ ရှောင်ရှားပါ။
- နေမကောင်းသူများနှင့် အနီးကပ် ထိတွေ့ခြင်းမှ ရှောင်ရှားပါ။
- သင်၏ ချောင်းဆိုးခြင်း သို့မဟုတ် နှာချေခြင်းကို တစ်ရှူးဖြင့် ကာ၍ ထို တစ်ရှူးကို အမှိုက်ပုံးထဲသို့ ပစ်ပါ။ တစ်ရှူးမရှိပါက သင့်လက်များဖြင့်မဟုတ်ဘဲ သင်၏ တံတောင်ဆစ်ကို အသုံးပြုပါ။
- မကြာခဏ ထိတွေ့သည့် အရာဝတ္ထုများနှင့် မျက်နှာပြင်များကို ဆေးကြော၍ ပိုးသတ်ပါ။
- လူပုဂ္ဂိုလ်များနှင့် မိသားစုများအတွက် CDC စစ်ဆေးရန်စာရင်းကို ကြည့်ပါ။

**7. မည်သည့် သန့်ရှင်းရေး ထုတ်ကုန်ပစ္စည်းများကို အသုံးပြုသင့်သနည်း။**

ရပ်ရွာအသိုင်းအဝိုင်းဝင်များသည် မကြာခဏ ထိတွေ့လေ့ရှိသည့် မျက်နှာပြင်များ(ဥပမာအားဖြင့်၊ စားပွဲများ၊ တံခါးလက်ကိုင်ဘုများ၊ မီးခလုတ်များ၊ လက်ကိုင်များ၊ စာရေးစားပွဲများ၊ အိမ်သာများ၊ ရေပိုက်ခေါင်းများ၊ စင့်များ) ကို မျက်နှာပြင်အတွက် သင့်တော်သည့် အိမ်သုံး ဆေးကြောပစ္စည်းများနှင့် EPA-မှတ်ပုံတင်ထားသည့် ပိုးသတ်ဆေးများဖြင့် တံဆပ်ပါ ညွှန်ကြားချက်များကို လိုက်နာလျက် ပုံမှန်ဆေးကြော သန့်စင်ခြင်းပြုလုပ်နိုင်သည်။ တံဆိပ်များတွင် သန့်ရှင်းရေးပစ္စည်းများကို အသုံးပြုရာတွင် လက်အိတ်များဝတ်ဆင်ခြင်းနှင့် ထိုပစ္စည်းကို အသုံးပြုချိန်အတွင် လေကောင်းလေသန့်ရှိရန်သေချာစေခြင်းစသည့် သင်မှ ပြုလုပ်သင့်သည် ကြိုတင်ကာကွယ်မှုများအပါအဝင် သန့်ရှင်းရေးပစ္စည်းများ၏ ဘေးကင်း၍ ထိရောက်သော အသုံးပြုမှုအတွက် ညွှန်ကြားချက်များပါရှိသည်၊ နောက်ထပ် သတင်းအချက်အလက်များအတွက် CDC ၏ပတ်ဝန်းကျင်ဆိုင်ရာ ဆေးကြောသန့်စင်ခြင်းနှင့် ပိုးသတ်ခြင်း အကြံပြုချက်များ ကို ကြည့်ပါ။

**8. အမေရိကန်ပြည်ထောင်စုထဲရှိလူများ COVID-19 ကို ရရှိနိုင်ပါသလား။**

ဟုတ်ကဲ့။ အမေရိကန်ပြည်ထောင်စုရှိ အချို့အစိတ်အပိုင်းများတွင် COVID-19 သည် လူတစ်ဦးမှ တစ်ဦးသို့ ကူးစက်ပျံ့နှံ့လျက်ရှိပါသည်။ COVID-19 ကူးစက်နိုင်မှု အန္တရာယ်သည် COVID-19 ရှိနေသူတစ်ဦးနှင့် အနီးကပ်ထိတွေ့သူများအတွက် ပိုမိုမြင့်မားသည်၊ ဥပမာအားဖြင့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်သားများ၊ သို့မဟုတ် မိသားစုဝင်များ။ ကူးစက်ရန်အတွက် အန္တရာယ်ပိုများနိုင်ချေရှိသူများမှာ COVID-19 ဆက်လက် ကူးစက်ပျံ့နှံ့နေသည့် ဒေသနှင့် နေထိုင်သူများ သို့မဟုတ် ထိုဒေသများသို့ မကြာသေးမီက သွားရောက်ခဲ့သူများဖြစ်သည်။

**9. ကျွန်ုပ်၏ အမေရိကန်ပြည်ထောင်စုအတွင်းရှိ ခရီးစဉ်ကို ဖျက်သင့်ပါသလား။**

ယခုအချိန်၌၊ အမေရိကန်ပြည်ထောင်စုအတွင်း ခရီးစဉ်တစ်ခုကို စီစဉ်ရာတွင် Johns Hopkins University & Medicine COVID-19 ကမ္ဘာလုံးဆိုင်ရာ ဖြစ်ပွားမှုအခြေအနေများပြမြေပုံ ကို တိုင်ပင်ဆွေးနွေးကြည့်ရှုရန် ECDOH မှ အကြံပြုထားသည်။ ကိုယ်ခံစွမ်းအားစနစ် ထိခိုက်ထားသူများနှင့် သက်ကြီးရွယ်အိုများသည် အဆိုပါနေရာဒေသများမှ ရှောင်ရှားသင့်သည်။ အခြားသူများမှာ ကူးစက်မှုရှိသည်ဟု အတည်ပြုထားသည့်နေရာဒေသများသို့ ခရီးသွားလာခြင်း၏ အကျိုးကျေးဇူးများနှင့် အန္တရာယ်ဖြစ်နိုင်ချေများကို ချိန်ဆရန် လိုအပ်ပါလိမ့်မည်။ ထို့အပြင်၊ ၎င်းသည် လျင်မြန်စွာ ပြောင်းလဲလျက်ရှိသည့် အခြေအနေဖြစ်ရာ အခြား နေရာဒေသများ ထပ်တိုးနိုင်ကာ အရေအတွက်များမှာလည်း အချိန်မရွေး တိုးပွားလာနိုင်ပါသည်။

**10. ကျွန်ုပ်၏ အမေရိကန်ပြည်ထောင်စုပြင်ပသို့ ခရီးစဉ်ကို ဖျက်သင့်ပါသလား။**

၎င်းသည် လျှင်မြန်စွာ ပြောင်းလဲလျက်ရှိသည့် အခြေအနေတစ်ခုဖြစ်ပါသည်။ လက်ရှိအချိန်၌၊ CDC မှ "အဆင့် 2" သို့မဟုတ် "အဆင့် 3" ဟု သတ်မှတ်ထားသော နိုင်ငံများမှ ခရီးသွားလာသည့် လူပုဂ္ဂိုလ်များကို 14 ရက်အထိ ECDOH မှ ရောဂါခြေချုပ်ဖြင့် ထားရှိသည်။ အမေရိကန်ပြည်ထောင်စု ပြင်ပသို့ ခရီးသွားရောက်ထားသည့် လူပုဂ္ဂိုလ်များ CDC ခရီးသွားလာရေး သတင်းအချက်အလက် ဝဘ်ဆိုဒ် ကို လတ်တလောအဖြစ်ဆုံးလမ်းညွှန်မှုအတွက် တိုင်ပင်ဆွေးနွေး ကြည့်ရှုသင့်သည်။ အဆိုပါ နေရာဒေသများမှ ပြန်လာသော ခရီးသွားများမှာ ၎င်းတို့ Erie ကောင်တီသို့ ပြန်လာပြီးနောက် 14 ရက်အကြာ ရောဂါခြေချုပ်ဖြင့် ထားရှိခံရမည်ဖြစ်သည်။

**11. အကယ်၍ မိမိသည် "အဆင့် 2" သို့မဟုတ် အဆင့် 3 နိုင်ငံ တစ်ခုသို့ မကြာသေးမီက သွားရောက်ထားပါက ဘာလုပ်သင့်သနည်း။**

အကယ်၍ သင်သည် "အဆင့် 2" သို့မဟုတ "အဆင့် 3" နိုင်ငံတစ်ခုမှ လွန်ခဲ့သည့် 14 ရက်အတွင်း ပြန်ရောက်လာခဲ့လျှင်၊ ECDOH ကူးစက်ရောဂါရုံး (716) 858-7697 သို့ ချက်ချင်း ဖုန်းခေါ်သင့်ပါသည်။

**12. COVID-19 အတွက် ကျွန်ုပ် အစစ်ဆေးခံသင့်ပါသလား။**

စစ်ဆေးမှုဆိုင်ရာ သတင်းအချက်အလက်များအတွက် သင်၏ကျန်းမာရေးစောင့်ရှောက်မှုပံ့ပိုးသူကို ဖုန်းဆက်ပေးပါ။ ကျန်းမာရေးစောင့်ရှောက်မှုပံ့ပိုးသူသည် စစ်ဆေးမှု လမ်းညွှန်ချက်အတွက်ဤနေရာသို့ နှိပ်ပါ။

**13. ကျွန်ုပ်တွင် COVID-19 ရောဂါလက္ခဏာများရှိပါက ဘာလုပ်ရပါမလဲ။**

- ပထမဆုံးအနေဖြင့်၊ သင်၏ ရောဂါလက္ခဏာများနှင့် မကြာမီက ခရီးသွားလာမှုမှတ်တမ်းတစ်ခုခု သို့မဟုတ် သွားလာမှုရှိထားသူတစ်ဦးဦးနှင့် အနီးကပ် ထိတွေ့မှုတို့ကို ရှင်းပြရန် သင်၏ ပင်မ စောင့်ရှောက်မှု ပံ့ပိုးသူသို့ **ဖုန်းခေါ်ပါ**။
- ကျန်းမာရေး စောင့်ရှောက်မှုကို မရယူမီ ထိုပံ့ပိုးမှုပေးသူထံသို့ **တိုက်ရိုက်ဖုန်းခေါ်**၍ သင်၏ အခြေအနေကို ပြောပြပါ။ ၎င်းတို့က အခြားသူများကို သင်၏ ရောဂါမထိတွေ့စေဘဲ မည်သို့ စောင့်ရှောက်မှုရယူရန် လမ်းညွှန်ချက်များပေးပါလိမ့်မည်။
- နေမကောင်းသူများနှင့် **အနီးကပ် ထိတွေ့ခြင်းမှ ရှောင်ရှားပါ။**
- နေမကောင်းသည့်အခါ **အိမ်တွင်နေပါ**။
- သင်၏ ချောင်းဆိုးခြင်း သို့မဟုတ် နှာချေခြင်းကို တစ်ရှူးဖြင့် **ကာ**၍ ထို တစ်ရှူးကို အမှိုက်ပုံးထဲသို့ ပစ်ပါ။ တစ်ရှူးမရှိပါက သင့်လက်များဖြင့်မဟုတ်ဘဲ သင်၏ တံတောင်ဆစ်ကို အသုံးပြုပါ။
- မကြာခဏ ထိတွေ့သည့် အရာဝတ္ထုများနှင့် မျက်နှာပြင်များကို **ဆေးကြော**၍ ပိုးသတ်ပါ။

**14. စုံစမ်းစစ်ဆေးမှုခံယူနေရသည့် ပုဂ္ဂိုလ် (PUI) ဆိုသည်မှာ အဘယ်နည်း။**

PUI ဆိုသည်မှာ CDC မှ ချမှတ်ထားသည့် တိကျသော စံနှုန်းများနှင့်ကိုက်ညီပြီး ရောဂါအတွက် စောင့်ကြည့်စစ်ဆေးခံနေရသည့် ပုဂ္ဂိုလ်တစ်ဦးဖြစ်သည်။

**15. သီးသန့်ထားရှိခြင်းနှင့် ရောဂါခြေချုပ်ထားရှိခြင်းတို့၏ ကွာခြားချက်မှာ ဘာပါလဲ။**

ပထမဦးစွာ၊ ကူးစက်ပျံ့နှံ့တတ်သော ရောဂါကို ကူးစက်ပျံ့နှံ့မှု ကန့်သတ်ရန် ချမှတ်ထားသည့်အတွက် သီးသန့်ထားရှိခြင်းနှင့် ရောဂါခြေချုပ်ထားရှိခြင်းတို့မှာ အလားတူသည်။ ခြားနားချက်များမှာ အောက်ပါအတိုင်းဖြစ်သည်။

| **သီးသန့်ထားရှိခြင်း** | **ရောဂါခြေချုပ်ထားရှိခြင်း** |
|---|---|
| ရောဂါမရှိသူ<br><br>သူများထံမှ ကူးစက်ပျံ့နှံ့တတ်သော ရောဂါတစ်ခုရှိသူ နေမကောင်းသူများကို သီးသန့်ထားရှိရန် | ကူးစက်ပျံ့နှံ့တတ်သော ရောဂါတစ်ခုသို့ ထိတွေ့ကောင်း ထိတွေ့ခဲ့နိုင်သည့် နေကောင်း သူများ၏ သွားလာလှုပ်ရှားမှုကို သီးသန့်ခွဲခြား၍ ကန့်သတ်ရန် |
| အချို့သော ရောဂါများ ကူးစက်ပျံ့နှံ့ကို ရပ်တန့်ဖို့ ကူညီရန် နေမကောင်းသူများ၏ သွားလာလှုပ်ရှားမှုကို ကန့်သတ်သည် | ၎င်းတို့ နေမကောင်းဖြစ်လာခြင်း ရှိမရှိ စောင့်ကြည့်စစ်ဆေးပါ |
| ဥပမာအားဖြင့်- ကူးစက်ပျံ့နှံ့သည့် တီဘီရောဂါ (TB) ရှိသူ လူနာများအတွက် သီးသန့်ထားရှိခြင်း | ထိုသူများသည် ရောဂါတစ်ခုသို့ ထိတွေ့ခြင်းရှိနေနိုင်ပြီး ၎င်းကို မသိခြင်း သို့မဟုတ် ရောဂါရှိနေနိုင်ပြီး ရောဂါလက္ခဏာများ မပြသခြင်းတို့ဖြစ်နိုင်သည် |
| "တကိုယ်တည်း သီးသန့်ထားရှိခြင်း" သို့မဟုတ် "တကိုယ်တည်း ရောဂါခြေချုပ်ထားရှိခြင်း" ဟူ၍ မရှိပါ။ အဆိုပါ နည်းဗျူဟာများကို Erie ကောင်တီ ကျန်းမာရေးဦးစီးဌာနမှ ချမှတ်၍ ပြဌာန်းထားသည်။ | |
| ရင်းမြစ်- hhs.gov | |

**16. ECDOH လူအချင်းချင်း ကင်းကွာအောင်နေထိုင်ခြင်းဆိုင်ရာ အကြံပြုချက်များမှာ အဘယ်နည်း။**

A. CDC လမ်းညွှန်ချက်များကို အခြေခံလျက်၊ ECDOH မှ

- လူအယောက် 250 နှင့်အထက်ပွဲများအားလုံးကို ဖျက်သိမ်းရန် ပြင်းထန်စွာ အကြံပြုထားသည်။
- လူအယောက် 50 နှင့်အထက်ရှိ ပွဲ သို့မဟုတ် နေရာတစ်ခုခုကို သွားရောက်ခြင်းမပြုရန် လူအများ အလေးအနက်ထား၍ ထည့်သွင်းစဉ်းစားရန်၊ အထူးသဖြင့် Erie ကောင်တီပြင်ပမှလူများပါဝင်ပါက၊ အသက် 60 အထက်ရှိသူအားလုံးနှင့် နာတာရှည် ဆေးဘက်ဆိုင်ရာ အခြေအနေများရှိသူအများကို အဆိုပါပွဲများသို့ မသွားရောက်ရန် ကျွန်ုပ်တို့မှ **ပြင်းထန်စွာ** အကြံပြုလိုပါသည်။
- ကာလ- လာမည် ရက်သတ္တပတ် 2 ပတ်အကြာ၊ လိုအပ်သလို ပြန်လည်သုံးသပ်မည်။

**17. ထပ်ဆောင်းသတင်းအချက်အလက်များကို မည်သည့်နေရာတွင် ရှာဖွေနိုင်သနည်း။**

COVID-19 နှင့် အခြား အများပြည်သူ ကျန်းမာရေး သတင်းခေါင်းစဉ်များနှင့်ပတ်သက်၍ သတင်းအချက်အလက်များရှာဖွေရာတွင် ယုံကြည်စိတ်ချရသော၊ အချက်အလက်ကိုအခြေခံသည့် ရင်းမြစ်များကို အသုံးပြုပါ။ အောက်ပါဆိုု်များကို ကျွန်ုပ်တို့ အကြံပြုပါသည်။

- ECDOH COVID-19 ဝဘ်ဆိုဒ် (erie.gov/covid19)
- ECDOH သတင်းထုတ်ပြန်ချက်များ
- CDC COVID-19 ဝဘ်ဆိုဒ်
- NYSDOH COVID-19 ဝဘ်ဆိုဒ်
- NYSDOH COVID-19 တိုက်ရိုက်ဖုန်းလိုင်း- 1-888-364-3065
- WHO COVID-19 ဝဘ်ဆိုဒ်
- အမေရိကန်ပြည်ထောင်စု အစားအစာနှင့်ဆေးဝါးစီမံခန့်ခွဲမှု (FDA) COVID-19 ဝဘ်ဆိုဒ်

## စာမျက်နှာ 2

**COVID-19** ဆိုသည်မှာ တရုတ်နိုင်ငံတွင် ပထမဆုံး ဖော်ထုတ်တွေ့ရှိပြီး ယခုအချိန်၌ ကမ္ဘာအနှံ့ ကူးစက်ပျံ့နှံ့လျက်ရှိသည့် အသက်ရှူလမ်းကြောင်းတွင်းရှိ ဗိုင်းရပ်စ်သစ်တစ်မျိုးကြောင့် ဖြစ်ပွားသည့် ရောဂါဖြစ်သည်။ ဤရောဂါသည် အဖျားတက်ခြင်း၊ ချောင်းဆိုးခြင်းနှင့် အသက်ရှူကျပ်ခြင်းတို့ဖြစ်ပွားနိုင်သည်။ နိုင်ငံတကာ၌ တိုးပွားလျက်ရှိသည့် နိုင်ငံအရေအတွက်များတွင် ရောဂါရှိကြောင်း အတည်ပြုထားသည့် အခြေအနေ ထောင်ပေါင်းများစွာရှိနေပြီး ထိုဗိုင်းရပ်စ်သည် ယခုအချိန်တွင် အမေရိကန်ပြည်ထောင်စုထဲ၌ ကူးစက်ပျံ့နှံ့လျက်ရှိနေပါသည်။ ဤဗိုင်းရပ်စ်အကြောင်း နောက်ထပ် လေ့လာရန် ဆက်လက်လုပ်ဆောင်လျက်ရှိသည့် စုံစမ်းစစ်ဆေးမှုများရှိပါသည်။

ရောဂါလက္ခဏာများကို ခံစားနေရသူများနှင့် စိုးရိမ်ရသည့် နေရာဒေသများ သို့မဟုတ် အဆိုပါ နေရာဒေသများသို့ သွားရောက်ထားသူတစ်ဦးနှင့် ထိတွေ့မှုရှိထားသူများသည်၊ ၎င်းတို့၏ ကျန်းမာရေး စောင့်ရှောက်မှု ပံ့ပိုးသူထံသို့ လူကိုယ်တိုင် ကုသမှု **မရယူမီ တိုက်ရိုက်ဖုန်းခေါ်** သင့်ပါသည်။

၎င်းသည် လျင်မြန်စွာ ဖြစ်ပေါ်လျက်ရှိသည့် ပေါ်ပေါက်လာသော အခြေအနေတစ်ခုဖြစ်သည်။ အပ်ဒိတ်များအတွက် CDC ၏ ဆန်းသစ်သော ကိုရိုနာဗိုင်းရပ်စ် ဝဘ်စာမျက်နှာ နှင့် NYSDOH COVID-19 ဝဘ်ဆိုဒ် တို့ကို ပုံမှန် စစ်ဆေးပါ။